**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**

# KNU နှင့် RCSS တို့ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် လက်မှတ်ထိုးသည့်အပေါ် သဘောထားထုတ်ပြန်ချက်

ရက်စွဲ — ဖေဖော်ဝါရီလ (၁၆)ရက်၊ ၂၀၁၅ ခုနှစ်။

(၁) ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ(၁၂)ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများသည် အစိုးရ၊ လွှတ်တော်၊ တပ်မတော် အကြီးအကဲများတို့နှင့် တွေ့ဆုံခဲ့ကြပြီး KNU နှင့် RCSS နှစ်ဖွဲ့တည်းသာ "ကတိကဝတ်" လက်မှတ်ရေးထိုးခဲ့ခြင်းသည် ၂၀၁၅ ခုနှစ်ဖေဖော်ဝါရီလ ၃–၇ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး ဗဟိုအမြဲတမ်းကော်မတီအစည်းအဝေး၏ ဆုံးဖြတ်ချက်နှင့် မကိုက်ညီချေ။ ထို့ကြောင့် ၄င်းကိစ္စနှင့်ပတ်သက်၍ ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံးအဖွဲ့အစည်းအတွင်း ပြန်လည်ဖြေရှင်း ဆောင်ရွက်ရမည်ဖြစ်သည်။

(၂) ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး၏မူဝါဒ ဖြစ်သည့်နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းကာ၊ စစ်မှန်သည့်ပြည်တွင်း ငြိမ်းချမ်းရေးနှင့် ဖယ်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေးကို တပြည်လုံးအပစ်အခတ်ရပ်စဲစေပြီး နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု အမြန်ဆုံးဖြစ်ပေါ်ရန် မိမိတို့ ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး၏ မူဝါဒနှင့်အညီ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများနှင့် အတူတကွဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်။

ဆက်သွယ်ရန်–  ၀၉၉၆၇၆၉၁၀၁